အတွဲ ၅၀။ အမှတ် ၇။

# ရွှေသွေး

# Shwe thway

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း (၃) ရက်။ (17 - 2 - 2018)

## မကောင်းတဲ့အကြံ

ဇာတ်လမ်း □ ဇလွန်ကျော်ဦး

သရုပ်ဖော် □ ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)

## An evil plot

Story: Zalun Kyaw Oo

Illustrations: Tun Tun Win (Yangon University)







မင်းနဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူး...
"We aren't friends any longer."
တစ်နေ့... ဖိုးဖြူ အစာရှာထွက်လာသည်။
One day Po Phyu went out in search of food.
ဟင်... ဝက်ဝံကြီးပါလား...
"Oh, it's Uncle Bear."
မင်းငါ့စိုက်ခင်းထဲ ဝင်လို့ အပြစ်ပေးရမယ်...
"I must hand out punishment to you as you have trespassed on my plantations."
ဝက်ဝံကြီးက ဖိုးဖြူကို ရေလောင်းခိုင်းသည်။
The Bear had Po Phyu water the plants.
ဟူး... သစ်ပင်ရေလောင်းရတာ မလွယ်ပါလား
"Phew ....It isn't easy to water the plants."
ဟာ... ဖိုးဖြူကို ရေလောင်းခိုင်းထားပါလား၊ ငါကူညီဦးမှ...
"Oh, Po Phyu has been made to water the plants. I'll give a hand to him."
မင်းငါ့ကို မကူညီနဲ့၊ မင်းနဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူး
"Don't help me. We are no longer friends."
မျောက်ကလေး ငညို ဝမ်းနည်းသွားသည်။
Monkey Nga Nyo felt sad.
ဖိုးဖြူက ငါ့ကို သူငယ်ချင်းအဖြစ် လက်မခံတော့ပါလား...
"Po Phyu is denying accepting me as a friend."
ဖိုးဖြူ ရေလောင်းပေးတဲ့အတွက် ဦးဦးပန်းသီးပေးမယ်...
"Now that you've watered the plants, I'll give you apples, Po Phyu."
ဝက်ဝံကြီး လက်ဆောင်ပေး၍ ဖိုးဖြူ ဝမ်းသာသွားသည်။
Po Phyu was happy because the Bear gave him presents.
ပန်းသီးတွေ အများကြီးပဲ၊ စားလို့မကုန်တာ မြေကြီးထဲဖွက်ထားမှ ဖြစ်မယ်...
"There are quite a lot of apples. I must hide some apples left in the ground."


ဖိုးဖြူကို ကြွက်ကလေး မျက်ဖြူ တွေ့သွားသည်။
At that time Mouse Myet Pyu found Po Phyu.
ဟင်... ဖိုးဖြူ ပန်းသီးတွေ ဝှက်နေပါလား...
"Oh, Po Phyu is hiding the apples."
ငါစားရအောင်ကြံမှ...
"I must hit upon an idea to eat them."
ကြွက်ကလေး မျက်ဖြူ ပျော်နေသည်။
Mouse Myet Pyu felt very happy.
ပန်းသီးတွေက စားလို့ကောင်းလိုက်တာ...
"It's quite delicious to eat the apples."
မြေတွင်းတူးပြီး ပန်းသီးခိုးစားတာ ဘယ်သူမှ မသိဘူး... ဟီး...ဟီး...
"No one knows that I dug up the apples and ate them on the sly. Hee ...Hee."
တစ်နေ့...
One day . . . . .
ဆာလိုက်တာ၊ ပန်းသီးတွေသွားပြီး စားဦးမှ...
"I'm awfully feeling hungry. I'll go and eat the apples."
ဟာ... မြေကြီးတွေ တူးထားပါလား၊ ဘယ်သူ့လက်ချက်လဲ...
"Oh, the ground has been dug. Who did it?"
ဪ...မျက်ဖြူကိုး...
"After all, Myet Pyu did it!"
ဦးဝက်ဝံကြီးဆီ အကူအညီတောင်းရမယ်...
"I must ask Uncle Bear for help."


ဗျို့ - ဦးဝက်ဝံကြီး ကြွက်ကလေး မျက်ဖြူ မြေတွင်းတူးပြီး ပန်းသီးတွေ ခိုးစားနေလို့ ကူညီပါဦး ...
"Uncle Bear, Mouse Myet Pyu digs up the apples and is eating them on the sly. Please help me."
ဦးဝက်ဝံကြီးပါ လိုက်လာပါလား ... လွတ်အောင်ပြေးမှ...
"Uncle Bear is also coming along with Po Phyu. I must escape."
ပြေးလို့မလွတ်ပါဘူး မျက်ဖြူရာ... မင်းဖိုးဖြူရဲ့ ပန်းသီးတွေ ခိုးစားနေတာ မဟုတ်လား ...
"You are in no way to escape, Myet Pyu. You are eating Po Phyu's apples on the sly, aren't you?"
မလိမ်နဲ့နော်... လိမ်ရင် ပိုနာမယ်...
"Don't say a lie. If you do so, you'll get badly hurt."
ဟုတ် ... ဟုတ်ပါတယ် ... ဦးဝက်ဝံကြီး ...
"Yes, of course, Uncle Bear."
မင်း ဖိုးဖြူရဲ့ ပန်းသီးခိုးစားပြီး ငညိုကို စွပ်စွဲဦးမယ် ။
"You eat Po Phyu's apples on the sly. Then you'll make accusation against Nga Nyo, won't you?"
မင်းကို အပြစ်ပေးရမယ် ...
"So I must impose punishment on you."
ငါမောနေလို့ ဒီမှာရှိတဲ့ မြေကြီးတွေ တူးပေးစမ်း...
"I'm tired out. Dig the ground here."
အီး ... ဟီး ... ဟီး ... ဖိုးဖြူနဲ့ ငညိုကိုမကောင်းကြံမိလို့ တစ်ခြံလုံး မြေကြီးတူး နေရပြီ၊ ခိုးစားတာနဲ့ မတန်ဘူး။
"Eii ...Hee .... Hee. I have to do the digging, simply because I happened to hatch an evil plot against Po Phyu and Nga Nyo. It is not worth eating the apples on the sly."
ပြီး
END

မြန်မာစာစကားဝိုင်း (၁၆၅)

# ပစ္စည်း

တင်လင်းဇော်

ဘကြီးညဏ်လည်း ဇာတကထဲက ပုံဝတ္ထုများကို ပြောပြမည်ဆိုပြီး ဆရာကြီး ဦးဖိုးကျား၏ စာအုပ်သုံးအုပ်ကိုဖတ်နေမိပါသည်။ သို့သော် 'ဂ'တန်းကျောင်းသူ ကြီး ခင်ချမ်းမြေ့က သဒ္ဒါစာအုပ်ကိုင်လျက် ရောက်လာပါသည်။ သဒ္ဒါစာအုပ်ထဲက သူသိလိုသည်များကို မေးနေသဖြင့် သည်နေ့စကားဝိုင်းကို ပုံဝတ္ထုမှ သဒ္ဒါသို့ ပြောင်းလိုက်ရပါတော့သည်။

ခင်ချမ်းမြေ့ ။ ။ ဘကြီး၊ ဒီနေ့သမီးက 'ဂ'တန်းသဒ္ဒါထဲက 'ပစ္စည်း'အကြောင်းမေးချင်လို့ စောစောလာခဲ့တာ။ ဘကြီးရှင်းပြပေးပါ။

ဘကြီးညဏ် ။ ။ ဘာအကြောင်းကိုလဲ။ 'ပစ္စည်း' အကြောင်းက သဒ္ဒါစာအုပ်ထဲမှာ ပါပြီးသားလေ။

ခင်ချမ်းမြေ့ ။ ။ 'ပစ္စည်း' ကနေ ဆင့်ပွားလာတဲ့ အကြောင်းတွေပါ။ ဥပမာ 'နာမ်ပစ္စည်း' လိုမျိုးတွေပါ။

သင်းသင်း ။ ။ ဆရာကြီး၊ သမီးလည်း အဲဒီ 'နာမ်ပစ္စည်း'အကြောင်း မေးစရာရှိပါတယ်။

ဘကြီးညဏ် ။ ။ ဟုတ်ပါပြီဗျာ၊ ဘကြီးဆီမှာ သဒ္ဒါပေါင်းချုပ်စာအုပ်ကြီးတစ်အုပ် ရှိပါတယ်။ အဲဒီစာအုပ်ကြီးက အကူအညီရကောင်းပါရဲ့။ လုံးတုံးရေ– ဘကြီးစားပွဲပေါ်က စာအုပ်ကြီးယူခဲ့ပါ။

လုံးတုံး ။ ။ အထူကြီးပဲ ဘကြီး။ သားဖတ်ပြရမှာလား။

ဘကြီးညဏ် ။ ။ စာကျက်အားကောင်းတဲ့ မောင်လုံးတုံးက 'ပစ္စည်း'ရဲ့ အဓိပ္ပာယ်ကို ပြောပြပါဗျာ။

လုံးတုံး ။ ။ ဘကြီးကလည်း ဒါလေးများ။ သားဆိုပြမယ်။ 'နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သော စကားလုံးကို ပစ္စည်းဟုခေါ်သည်'တဲ့။ မမတို့ကလည်း '၅'တန်းကတည်းက ပါ နေတာ။ ဘာခက်လို့လဲဗျ။

ခင်ချမ်းမြေ့ ။ ။ ဘကြီး၊ သမီးက နာမဝိသေသနမှာ ရောနေလို့ပါ။ 'မောင်ဘချစ်သည် ယဉ်ကျေးသော သူတစ်ဦးဖြစ်သည်' ဆိုတဲ့ဝါကျမှာ 'ယဉ်ကျေးသော'က နာမဝိသေသန မဟုတ်လား။

ဘကြီးညဏ် ။ ။ လင်းလင်းက ရှင်းပေးလိုက်ပါဦးကွယ်။

လင်းလင်း ။ ။ ဒီလို ညီမလေးရဲ့။ 'ယဉ်ကျေးသော'က 'သူ'ဆိုတဲ့ နာမ်စားကို အထူးပြုတာ။ ဘယ်လိုသူလဲ။ ယဉ်ကျေးတဲ့သူလို့ ပြောချင်တာ။ အဲဒီမှာ 'ယဉ်ကျေးသော'မှာပါတဲ့ 'သော'က 'သူ'ဟာ ဘယ်လိုသူလဲဆိုတာကို ပြဖို့အတွက် ကူညီထောက်ပံ့ပေးတဲ့ စကားလုံး။ အဲဒီ 'သော'ဆိုတဲ့စကားလုံးကို 'ပစ္စည်း' လို့ ခေါ်ရတာ။ 'မောင်ဘချစ်သည် မှန်ရာကိုပြောဝံ့သည်'မှာပါတဲ့ 'ဝံ့' ကလည်း ပြောဆိုတဲ့ ကြိယာကို ထူးခြားအောင် ကူညီထောက်ပံ့ပေးလို့ 'ပစ္စည်း'ပဲ။ 'သော'က နာမဝိသေသနကို ထောက်ပံ့တာ။ 'ဝံ့' က ကြိယာကို ထောက်ပံ့တာ။

ခင်ချမ်းမြေ့ ။ ။ များ၊ တို့၊ သော၊ သည့်၊ မည့်၊ သာ၊ ရဲ၊ သင့်၊ ပင်၊ ဝံ့၊ ရက်၊ ရှာ၊ တော့၊ နှင့်၊ ချည်း၊ ပါ၊ နယ်၊ လို၊ ရ၊ ခဲ၊ နိုင်၊ ကြ၊ ကုန်၊ ပေ၊ အတိုင်း၊ မ၊ လား ဆိုတာတွေကို ကျက်ရတော့ ကျက်လို့ မရဘူးဖြစ်နေတာ။ အဲဒါတွေက 'ပစ္စည်း' တွေဆို။

ဘကြီးညဏ် ။ ။ နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနတို့နဲ့ ပေါင်းစပ်မှ အဓိပ္ပာယ်ထူးခြားလေးနက်လာတာလေ သမီးရဲ့။ သူတို့ချည်းသွားကျက်နေလို့ ဘယ်မှတ်မိမလဲ။ 'သူငယ်ချင်းများ၊ မျက်နှာချိုသော၊ ငါးဟင်းကိုသာ၊ မန္တလေးမှလာသည့်၊ သွားနှင့်၊ ငါ့ကိုတော့၊ ပြောရက်၊ မလုပ်ရဲ' တို့မှာပါတဲ့ နောက်ဆက်စကားလုံးတွေဟာ 'ပစ္စည်း' တွေချည်းပဲ သမီးရေ။ သူနဲ့ကပ်လျက် နာမ်၊ နာမ်စားစတာတွေကို ထောက်ပံ့ပေးတယ်လေ။ လူမှာအဝတ် တောင်းမှာ အကွပ်တဲ့။ အဝတ်တို့၊ အကွပ်တို့မှာ သုံးတဲ့ ပစ္စည်းကြောင့် ပိုပြီး တင့်တယ်လာသလိုပါပဲ။ သဒ္ဒါထဲက 'ပစ္စည်း' ကလည်း သက်ဆိုင်ရာ ဝါစင်္ဂကို ပိုပြီး တင့်တယ်စေတာပေါ့။ ဒါကြောင့် 'ပစ္စည်း' လို့ခေါ်တာ သဘာဝကျပါတယ်။

သင်းသင်း ။ ။ '၇'တန်းမှာကတည်းက 'နာမ်ပစ္စည်း' ကို သင်ရတယ် ဆရာကြီး။ သမီးလည်း 'နာမ်ပစ္စည်း'နဲ့ရောနေတာ။

သက်စု ။ ။ ပစ္စည်းကနေ ကွဲလာတာ သုံးမျိုးရှိတယ် ဘကြီး။ 'နာမ်ပစ္စည်းရယ်၊ ကြိယာပစ္စည်းရယ်၊ ပုဒ်ပြောင်းပစ္စည်း' ရယ်တဲ့။ အဲဒါတွေပါဆို ပိုရှုပ်ကုန်တော့တာ။

လင်းလင်း ။ ။ မရှုပ်ပါဘူး ညီမလေးတို့ရဲ့။ မူရင်း 'ပစ္စည်း'ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ ပါတာတွေကို ထပ်ပြီးချဲ့ထွင်ထားတာပါ။ ဥပမာကြည့်ရအောင်။ 'နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့သော စကားလုံးသည် ပစ္စည်း ဖြစ်သည်' တဲ့။ နာမ်ပစ္စည်းကျတော့ 'နာမ်၊ နာမ်စားတို့၏ အဓိပ္ပာယ်ကိုတဲ့' ဒါလောက်ပဲ ပါတာလေ။ ထပ်ခွဲရင်တော့ နာမ်ပစ္စည်းကချည်း ကိုးမျိုးရှိတယ်။

လုံးတုံး ။ ။ '၆'တန်းမှာ 'မျိုးပြပစ္စည်း၊ လိင်ညွှန်းပစ္စည်း၊ ကိန်းညွှန်းပစ္စည်း' ဆိုပြီး သုံးမျိုး သင်ရတယ်။ '၇' တန်းကျတော့ 'သချာပစ္စည်း'တစ်မျိုးပဲ သင်ရတာ။ သချာပစ္စည်းကလည်း ထပ်ခွဲရင် လေးမျိုးတောင် ရှိသေးတယ်။

ခင်ချမ်းမြေ့ ။ ။ 'ဂ'တန်းမှာကျတော့ နာမ်ပစ္စည်းက ငါးမျိုး သင်ရတာ။ 'နာမ်ထောက်ပစ္စည်း၊ ဥပမာပစ္စည်း၊ ရူပကပစ္စည်း၊ အာလုပ်ပစ္စည်း၊ ဝိစ္ဆာပစ္စည်း' တဲ့ ဘကြီး။ အဲဒါကြောင့် ရှုပ်ကုန်တာ။

ဘကြီးညဏ် ။ ။ နာမ်ထောက်ပစ္စည်းက နာမ်၊ နာမ်စားတို့နောက်က လိုက်တာပဲ။ မထူးပါဘူး။ ကျန်တဲ့လေးခုကတော့ နည်းနည်းစိမ်းနေတာပေါ့။ ဘကြီးရှင်းပြပါ့မယ်။ မရှင်းခင် သမီးရောနေတဲ့ နာမဝိသေသနနဲ့ နာမ်ပစ္စည်းကို အလွယ်ခွဲဖို့ ဒီလိုမှတ်လိုက်။ နာမဝိသေသနက နာမ်ရဲ့ရှေ့က လာတယ်။ 'ထူးချွန်သော ကျောင်းသား၊ ရဲရင့်သည့် စစ်သူကြီး၊ မွှေးသောပန်း' စသည်ပေါ့ကွယ်။ နာမ်ပစ္စည်းက နာမ်၊ နာမ်စား နောက်ကလာတာလို့ မှတ်ထားလိုက်။ 'သူသာအတော်ဆုံး။ ကြက်သားဟင်းကိုချည်းစားသည်။ အဖေကတော့ သဘောကျမှာပါ' စသည်ပေါ့ကွယ်။

ခင်ချမ်းမြေ့ ။ ။ ဥပမာပစ္စည်းတွေအကြောင်း ပြောဦးလေ ဘကြီး။

ဘကြီးညဏ် ။ ။ အဲဒါကတော့ တစ်ဆင့်မြင့်နေသလားပဲ သမီးရေ။ ဥပမာတွေ၊ ရူပကတွေက

စာမျက်နှာ – ၉ တွင် ဆက်လက်ဖတ်ရှုရန်

ကာတွန်း အောင်ဇင်

# ဝန်ခံတိုင်း

Even if you don't mind admitting

By Cartoon Aung Zin




One day while Shwe Hmon was washing a glass.

"Oh, it has dropped off my hand and got broken."

CRASH!

"If mother knows about it, she will give me a dressing-down."

"Shall I erase clues before mom comes back?"

"In fact it got broken because of me. I'd better admit it to mom when she comes back."

When mother came back from the market . . . .

"A glass got broken because of me, mom. Sop . . . . Sop."

"What?"

"Now that you have admitted, I forgive you, daughter."

"It is lucky that nothing happens."


One day
"Here it is, daughter. Please wash the cup with which I've drunk."
"Yes, of course."
Shwe Hmon washed it quickly.
"After washing it, I'll read the newspaper again."
While she was shaking the cup to clean out the water remaining.
"Oh! The cup has slipped out of my hand."
"Spread out your palms. You are breaking cups for no apparent reason."
"It also got broken on account of me. I admit my guilt to you."
"What did you say? You admit? Take that for carelessness."
"Aaar."
"You've said that you will forgive me if I am honest enough to admit, haven't you? Hee... Sop ... Sop."
"Should I forgive you every time you admit, I will have no more cups left. If you are forgiven due to admitting your guilt once, you must be careful enough not to happen like this again."
END.

တန်ဖိုးရှိလှ လူငယ်ဘဝ၊ မူးယစ်ကင်းစင် ကျန်းမာမှ



# ကိုယ်ချင်းစာပါ

**သိဒ္ဓိမောင်ခွေး**

ဟိုးရှေးရှေးတုန်းက မုဆိုးကြီးတစ်ယောက်ဟာ တောထဲကို သားကောင်ပစ်ဖို့ ထွက်ခဲ့သတဲ့။ အတန်ကြာတော့ စမ်းချောင်းမှာ ရေးဆင်းသောက်နေတဲ့ သမင်သားအမိကို တွေ့တယ်ဆိုပဲ။ မုဆိုးကြီးလည်း သမင်တွေနားကို အသာအယာချဉ်းကပ်သွားပြီး ချိန်ရွယ်ကနေ့ဒူးလေးမြားနဲ့ပစ်လိုက်သတဲ့၊ မြားဟာသမင်မကြီးရဲ့ ဘယ်ဘက်ပေါင်မှာ သွားစိုက်တာပေါ့။ သမင်မကြီးလည်း မြားတန်းလန်းနဲ့ ပြေးရှာတာပေါ့ကွယ်။ မုဆိုးကြီးဟာ သမင်နောက်ကို စမ်းချောင်းကနေ ဖြတ်ပြီးလိုက်သတဲ့။ သူ စမ်းချောင်းကို ဖြတ်ကူးရာမှာ ခဲလုံးတွေပေါ် နင်းမိပြီး ချော်လဲကျလို့ ရေထဲထိုးကျသွားတယ်တဲ့။ အဲဒီလို လဲကျတာဟာ အချိန်ကြာသွားတာကြောင့် ထပြီးပြန်လိုက်တော့ သမင်သားအမိကို မတွေ့တော့ဘူးပေါ့။

ဒါနဲ့ စိတ်ပျက်ပျက်နဲ့ တောနက်ထဲဆက်ဝင်သွားရင်း မကြာမီ သစ်ကိုင်းခြောက်တစ်ချောင်းဟာ မုဆိုးကြီးရဲ့ ဦးခေါင်းပေါ် ကျိုးကျလာသတဲ့။ ခွပ်ခနဲ အသံနဲ့အတူ မုဆိုးကြီးလည်း လဲကျသွားတာပေါ့။ သစ်ကိုင်းကြီးတစ်ခုကလည်း မုဆိုးကြီးရဲ့ခြေထောက်ပေါ် ဖိထားသလို ဖြစ်နေတာပေါ့။ ဒီအခါ မုဆိုးကြီးဟာ အော်ဟစ်အကူအညီ တောင်းသတဲ့ကွယ်။

အဲဒီလို အော်တဲ့အသံကို အနားမှာရှိတဲ့ ကျောင်းသင်္ခမ်းက ရသေ့ကြီးကြားလို့ အမြန်ထွက်လာပြီး ကြည့်လိုက်တဲ့အခါ တောလမ်းခရီးမှာ သစ်ကိုင်းကြီးပိနေတဲ့ မုဆိုးကြီးကိုတွေ့တယ်ဆိုရင်ပဲ သစ်ကိုင်းကြီးကို မ ပြီး ခြေထောက်ကို ဆွဲထုတ်ပေးလိုက်သတဲ့။

"ကဲ ... လာ လာ" လို့ဆိုပြီး ရသေ့ကြီးဟာ သူ့ရဲ့ ကျောင်းသင်္ခမ်းကို တွဲပြီးခေါ်လာသတဲ့။ ကျောင်းထဲရောက်တော့ ရသေ့ကြီးက "အသင်မုဆိုး ကျုပ်ကို ကတိတစ်ခုပေးရမယ်၊ ကတိပေးမှ ဆေးကုပေးမယ်"

"ကတိပေးပါ့မယ်၊ အမိန့်ရှိပါဘုရား"

"ဒါဆိုကောင်းပြီ၊ နောင်ဘယ်အခါမှ သူတစ်ပါးအသက်ကိုသတ်တဲ့ မုဆိုးအလုပ်ကို မလုပ်တော့ပါဘူးလို့ ကတိပေးပါ"

"ကတိပေးပါတယ်ဘုရား" လို့ ပြောလိုက်သတဲ့။ ဒီတော့မှ ရသေ့ကြီးဟာ ဆေးရွက်တွေရူး၊ ဆေးမြစ်တွေ ထုထောင်းကာ ဘယ်ဘက်ပေါင်ကို ဆေးစည်းပေးပြီး တစ်ရေးအိပ်စေသတဲ့။

ဒါနဲ့ နောက်တစ်နေ့ မိုးလင်းတော့ ရသေ့ကြီးက "ဒီယာဂု ဆန်ပြုတ်လေးသောက်ပါဦး" လို့ လာကျွေးသတဲ့။ ပြီးတော့ "ဒီဆေးရွက်တွေ၊ ဆေးမြစ်တွေယူသွားပြီး အိမ်ရောက်တဲ့အခါလည်း အခုလိုမျိုး ဆေးစည်းပေးရင် မကြာခင် အကောင်းပကတိ ပြန်ဖြစ်သွားမယ် ကြားလား၊ ကဲ သက်သာရင် မုဆိုးကြီးကို ကျုပ်လမ်းပြပေးမယ်၊ လာ ... လာ" လို့ ဆိုပြီး ရသေ့ကြီးကတွဲကာ စမ်းချောင်းလေးအတိုင်း လျှောက်လာကြတာပေါ့။

လျှောက်လာရင်း မလှမ်းမကမ်းအရောက်မှာ မြားတန်းလန်းနဲ့ လဲကျနေတဲ့ သမင်မကြီးကို ရသေ့ကြီးတွေ့တော့ "ဟော့ ... ဟိုမှာ မင်း လေးနဲ့ ပစ်လိုက်တဲ့ သမင်မကြီး လဲကျနေပါလား၊ ကြည့်ပါဦး" လို့ လက်ညှိုးထိုးပြတယ်တဲ့။ မုဆိုးကြီးလည်း တအံ့တသြလှမ်းကြည့်ပြီး သနားသွားသတဲ့။ ဒီအခါ ရသေ့ကြီးက "သူတစ်ပါးက ကိုယ့်ကို နာကျင်အောင်လုပ်တာ မကြိုက်သလို ကိုယ်ကလည်း သူတစ်ပါးကို နာကျင်အောင် မလုပ်ရဘူး၊ မင်းကိုယ်တိုင်ခံစားရတော့ သိပြီမဟုတ်လား၊ အဲဒီသဘောကို ကိုယ်ချင်းစာတရားလို့ခေါ်တယ်၊ အဲဒီတရားကို လက်ကိုင်ထားပြီး အခြားအလုပ်တစ်ခု ပြောင်းပြီး လုပ်ကိုင်စားသောက်ပါ" လို့ဆိုရင်း ရွာထိပ်ကို ရောက်လာတာပေါ့။

နောက်မကြာမီ မုဆိုးကြီးဟာ ငှက်ပျောခိုင်ကြီး ထမ်းပြီး ရသေ့ကြီးဆီ ရောက်လာတယ်လေ။

"တပည့်တော် ဆရာရသေ့ကို လာကန်တော့တာပါဘုရား၊ အခု ဥယျာဉ်စိုက်ပျိုးပြီး စားသောက်နေပါတယ်ဘုရား၊ ဒီငှက်ပျောခိုင်က တပည့်တော်ခြံက ထွက်တာပါဘုရား" ဆိုပြီး ကန်တော့ပါတော့တယ်။

ဒီအခါ ရသေ့ကြီးက "သာဓု ....သာဓု... သာဓု ..." လို့ သုံးကြိမ်ခေါ်ဆိုလိုက်သတဲ့ကွယ်။



**စာမျက်နှာ -၅ မှအဆက်**

'၉' တန်းမှသင်ရမှာ။ အလင်္ကာအနေနဲ့ဆိုပါတော့။ အခုတော့ မှတ်ထားဦးကွယ်။ အနှိုင်းတွေ၊ အနှိုင်းခံတွေက '၉' တန်းရောက်မှ သင်ရမှာ။ အခုတော့ အနှိုင်းပြဆိုတဲ့ 'ဥပမာပစ္စည်း' ကို ပြောရအောင်။ သိလွယ်အောင် ဥပမာဆောင်ပြီး ပြောတာလို့ မှတ်ထားကွဲ့။ 'ဇနကမင်းသားကဲ့သို့ ဇွဲရှိရမည်။ ယမင်းရုပ်လေးလို လှသည်။ ပန်းနှယ်မွှေးပါစေ' ဆိုတဲ့အထဲက 'ကဲ့သို့၊ လို၊ နှယ်' ဆိုတာတွေက ဥပမာပစ္စည်းတွေပေါ့။ ရူပကကလည်း ဥပမာလိုပဲ အနှိုင်းတွေ၊ အနှိုင်းခံတွေ ပါသေးတယ်။ အနှိုင်းပြတော့ မပါဘူးပေါ့။ သူက နာမ်နှစ်ခုကို ထပ်တူပြု ပြောဆိုတာ။ ဒီမှာတော့ မှတ်ရတာ လွယ်ပါတယ်။ 'တည်းဟူသော' အသုံးတစ်မျိုးပဲ ရူပကပစ္စည်းမှာ သုံးတာ တွေ့ရတယ်။ 'ကောင်းမှုတည်းဟူသော မျိုးစေ့တဲ့'။

ခင်ချမ်းမြေ့ ။ ။ 'တည်းဟူသော' ပါရင် ရူပကပစ္စည်းပေါ့၊ ဟုတ်လား ဘကြီး။ 'ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော' ကံ သုံးပါးလိုမျိုးပေါ့နော်။ အာလုပ်ပစ္စည်းလည်း ပြောပါဦး။

ဘကြီးဉာဏ် ။ ။ အာလုပ်ပစ္စည်းက လွယ်ပါတယ်။ ခေါ်တဲ့၊ ထူးတဲ့နေရာမှာ သုံးတဲ့စကား။ 'မောင်ထူးရေ၊ ဟေ့ရွှေမိ၊ အို မိခင်' ဆိုတာမျိုးတွေပါ။ အာမေဍိတ်နဲ့ ခပ်ဆင်ဆင်ပေါ့ကွယ်။ ဒီမှာက နာမ်ပစ္စည်းမို့ ဒီလောက်ပဲ ပြောရတာ။

သင်းသင်း ။ ။ ဆရာကြီး၊ သဒ္ဒါက ခက်တယ်နော်။ ဝိစ္ဆာပစ္စည်းကို ပြောပြပါဦး။

ဘကြီးဉာဏ် ။ ။ မခက်ပါဘူး သမီးတို့ရယ်။ သမီးတို့က ကျက်ချင်နေလို့ပါ။ နားလည်အောင်ဖတ်ပြီး လက်တွေ့ရေးသားကြည့်ရင် မှတ်ရတာ လွယ်ပါတယ်။ 'ဝိစ္ဆာပစ္စည်း' ဆိုတာ လွယ်လွယ်ပြောရရင် ထပ်ထပ်ပြောတာပါ။ 'လူတိုင်းလူတိုင်း စာတတ်ရမည်။ ရပ်တကာရွာတကာ၊ အတိုင်းတိုင်းအပြည်ပြည်' ဆိုတာမျိုးတွေပါ။ ကဲ ဒီတစ်ပတ် နားကြပါဦးစို့။ ။

\+ \+ \+

## ရွှေသွေးဂျာနယ်

စာ တည်း အာ ဖွဲ့

**စာတည်းမှူးချုပ်**

ဦးကိုကိုနိုင်

**စာတည်းမှူး**

ဒေါ်နုနုယဉ်(နန်းညွန့်ယဉ်ခမ်း)

**စာတည်းများ**

ဒေါ်ငြိမ်းစုလှိုင်(ဒဂုံရှင်ငြိမ်း)

ဒေါ်ကြည်ကြည်ဝင်း(ကျော့ကောသွယ်)

ဒေါ်ကြည်ကြည်မြင့်(ချမ်းမြေ့ခင်)

**စာပေလက်ထောက်**

ဒေါ်ခင်ခင်ထွေး

**ကွန်ပျူတာအဖွဲ့**

ဒေါ်ခင်ရွှေဦး

ဒေါ်ဝင်းသီရိထွန်း

## ရွှေသွေးဝေါဟာရ

## Vocabularies

**ထူးမြတ်**

ကလေးတို့ရေ··· ဒီတစ်ပတ်မှာလည်း လွယ်ကူပြီး အသုံးဝင်တဲ့ ပြုမှုဆောင်ရွက်ပုံကြိယာအချို့ကို တင်ဆက်လိုက်ပါတယ်။

**rust,** rusted, rusting (v)

သံချေးတက်သည်။



Water rusts iron.

ရေသည် သံကို သံချေးတက်စေသည်။

**sail,** sailed, sailing (v)

ရွက်လွှင့်သည်။



The ship sailed across the sea.

သင်္ဘောသည် ပင်လယ်ပြင်ကို ရွက်လွှင့်ခဲ့သည်။

**save,** saved, saving (v)

(ငွေ) စုသည်။



Save money to buy a cycle.

မော်တော်ဆိုင်ကယ် တစ်စီးဝယ်ရန် ငွေစုပါ။

**scale,** scaled, scaling (v)

ဖက်တက်သည်။ ကုတ်ကတ်တက်သည်။



The scouts scaled the wall easily.

ကင်းထောက်လူငယ်များသည် နံရံကို လွယ်လင့်တကူ ဖက်တက်ခဲ့သည်။

**scrape,** scraped, scraping (v)

ခြစ်ထုတ်သည်။



He scraped the milk pot with his hand to remove cream.

သူသည် နွားနို့အိုးမှ မလိုင်များ ကွာကျစေရန် လက်ဖြင့် ခြစ်ထုတ်ခဲ့သည်။

# Shwe thway Talk

## ရွှေသွေးစကားဝိုင်း

**KML**

ဒီတစ်ပတ်မှာ ရွှေသွေးစကားဝိုင်းရဲ့ ပရိသတ်အားလုံးကို တင်ဆက်ချင်တာကတော့ နေ့စဉ်အင်္ဂလိပ်စကားပြောမှာ အသုံးဝင်တဲ့ ဝါကျတည်ဆောက်ပုံတွေကို ပုံသေမှတ်ဖို့နဲ့ အစားထိုးပြောဖို့နှစ်ပိုင်းခွဲပြီး တင်ဆက်မှာ ဖြစ်ပါတယ်။ ဝါကျတည်ဆောက်ပုံကို ကျက်မှတ်ထားပြီး မိမိစိတ်ကူးအတွေးနဲ့ အစားထိုးပြောင်းလဲပြောဆိုရမှာပဲ ဖြစ်ပါတယ်။ ခေါင်းစဉ်ကိုတော့ useful sentence structures လို့ ပေးထားပါတယ်။




**Useful sentence structures**

◈ **subject + V/be + either ... or ...**

ဒီတည်ဆောက်ပုံကတော့ မတူညီတဲ့ အကြောင်းအရာနှစ်ခုအနက် တစ်ခုခုဖြစ်ရမယ်လို့ ပြောဆိုတဲ့ စကားအသုံးအနှုန်းပဲ ဖြစ်ပါတယ်။ either ... or ... ရဲ့ကြားကွက်လပ်မှာ noun နှစ်ခု သို့မဟုတ် adjective နှစ်ခုထည့်ပြီး အမျိုးမျိုးပြောင်းလဲပြောဆိုနိုင်ပါတယ်။

He is **either** drunk **or** mad.
သူဟာ အရက်မူးနေတာ ဒါမှမဟုတ် ရူးသွပ်နေတာ ဖြစ်တယ်။

It's **either** your fault **or** his fault.
ဒါက မင်းအပြစ်ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် သူ့အပြစ်ပဲ။

**Either** you are wrong **or** I am.
မင်းမှားတာ ဒါမှမဟုတ် ငါ မှားတာပဲဖြစ်မယ်။

Dialogue

A: It's **either** your fault **or** his fault.
ဒါက မင်းအပြစ်ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် သူ့အပြစ်ပဲ။

B: However I think that both of us are responsible for this matter.
ဒါပေမဲ့ ဒီကိစ္စအတွက် တို့နှစ်ယောက်စလုံးမှာ တာဝန်ရှိတယ်လို့ ငါထင်တယ်။

◈ **so .... that**

ဒီဝါကျပုံစံကလည်း စကားပြောတွေမှာ အသုံးဝင်တဲ့ အသုံးအနှုန်းတစ်ခုပါ။ so ... that ရဲ့ကြားကွက်လပ်မှာ adjective ဒါမှမဟုတ် adverb ထားပြီး ပြောဆိုနိုင်ပါတယ်။ adjective ထည့်တယ်ဆိုရင်တော့ s + V/be + so + adjective + that ... တည်ဆောက်ပုံနဲ့ ပြောဆိုရမှာဖြစ်ပြီး adverb ထည့်တယ်ဆိုရင် S + V/do + so + adverb + that .... တည်ဆောက်ပုံနဲ့ ပြောဆိုရပါတယ်။ 'လွန်းလို့၊ တာမို့၊ ကြောင့်' လို့ အဓိပ္ပာယ်ရပါတယ်။ ပူလွန်းလို့ မသောက်နိုင်ဘူး၊ အေးလွန်းလို့ မအိပ်နိုင်ဘူး၊ ပြေးတာမြန်လွန်းလို့ မလိုက်နိုင်ဘူး စသည်ဖြင့် ပြောဆိုတဲ့အခါ ဒီဝါကျတည်ဆောက်ပုံကို သုံးရပါတယ်။

I was **so** interested in the film **that** I went to see it several times.
ငါရုပ်ရှင်ကို စိတ်ဝင်စားလွန်းလို့ အကြိမ်များစွာ သွားကြည့်ခဲ့တယ်။

He speaks French **so** well **that** we think he is a Frenchman.
သူပြင်သစ်ဘာသာစကားကို ကောင်းကောင်း ပြောတတ်တာမို့ သူဟာ ပြင်သစ်လူမျိုးတစ်ယောက်လို့ ငါတို့ထင်ခဲ့တယ်။

Dialogue

A: It's **so** hot **that** none of us want to go out.
ပူလွန်းတာမို့ ငါတို့ဘယ်သူမှ အပြင်မထွက်ချင်ဘူး။

B: I also want to stay at home.
ငါလည်း အိမ်မှာပဲ နေချင်တယ်။

◈ **how do you like ....?**

အရာဝတ္ထုတစ်ခုခု၊ ပစ္စည်းတစ်ခုခု ဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ယောက်ယောက်နဲ့ ပတ်သက်ပြီး အဲဒါကို နှစ်သက်ရဲ့လား၊ ဆန္ဒသဘောထားနဲ့ ထင်မြင်ချက်ကို မေးမြန်းတဲ့အခါ ဒီဝါကျတည်ဆောက်ပုံနဲ့ ပြောဆိုရပါတယ်။ how do you like ရဲ့ နောက်ဘက်မှာ object noun ထည့်ပြီး အမျိုးမျိုးပြောင်းလဲပြောဆိုနိုင်ပါတယ်။

**How do you like** your new apartment?
မင်းရဲ့တိုက်ခန်းအသစ်ကို ကြိုက်ရဲ့လား၊ ဘယ်လိုသဘောရသလဲ။

**How do you like** your new colleagues?
မင်းရဲ့လုပ်ဖော်ကိုင်ဖက်အသစ်တွေကို နှစ်သက်ရဲ့လား။

**How do you like** my car?
ငါ့ကားကို ကြိုက်ရဲ့လား၊ ဘယ်လိုသဘောရလဲ။

Dialogue

A: How long have you been in China?
မင်း တရုတ်ပြည်မှာရောက်နေတာ ဘယ်လောက်ကြာပြီလဲ။

B: A few months.
လအနည်းငယ်လောက်ပါ။

A: **How do you like** living here?
ဒီမှာနေရတာ ဘယ်လိုသဘောရသလဲ။

B: Great! I'm having a great time.
ကောင်းပါတယ်၊ ငါအလွန်ပျော်ပါတယ်။

A: **How do you like** the food here?
ဒီက အစားအသောက်ရော ကြိုက်ရဲ့လား၊ ဘယ်လိုသဘောရလဲ။

B: It's pretty good. I just can't get used to using chopsticks.
အရမ်းကောင်းတယ်၊ တူသုံးတာကိုတော့ ကျင့်သားမရသေးဘူး။

◈ **How long does it take ....?**

ဒီအသုံးအနှုန်းကတော့ တစ်နေရာက တစ်နေရာကို သွားရင် ဘယ်လောက်ကြာပါသလဲလို့ မေးတဲ့ပုံစံပါ။ how long does it take ရဲ့ နောက်မှာ to-infinitive လိုက်ပြီး ပြောရပါတယ်။ ဒါမှမဟုတ် object pronoun တစ်လုံးနဲ့ to-infinitive လိုက်ပြီးလည်း ပြောနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ 'ဘယ်လောက်ကြာပါသလဲ' လို့ ဆိုလိုပါတယ်။




**How long does it take** to get to Mandalay by air?
လေယာဉ်နဲ့ မန္တလေးကို ရောက်ဖို့ ဘယ်လောက်ကြာပါသလဲ။

**How long will it take** to build the stadium?
ကစားကွင်းကို ဆောက်ဖို့ ဘယ်လောက်ကြာမှာလဲ။

**How long does it take** you to knit this sweater?
မင်းဒီဆွယ်တာကို ထိုးဖို့ ဘယ်လောက်ကြာခဲ့ပါသလဲ။

Dialogue

A: Did you finish the assignment I gave you last week?
ငါမင်းကို ပြီးခဲ့တဲ့ အပတ်က ပေးခဲ့တဲ့ သင်ခန်းစာလေ့ကျင့်ခန်းတွေ ပြီးခဲ့ပြီလား။

B: Sure, no problem.
ဟုတ်ကဲ့ ပြီးပါပြီ၊ ပြဿနာမရှိပါဘူး။

A: Really, you didn't think it was difficult.
တကယ်လား၊ ခက်တယ်လို့ မင်းမထင်ဘူးပေါ့။

B: Actually, it was pretty easy.
တကယ်တော့ တော်တော်လွယ်ပါတယ်။

A: **How long did it take** you to finish the assignment?
မင်း အဲဒီသင်ခန်းစာ လေ့ကျင့်ခန်းတွေ ပြီးဖို့ အချိန်ဘယ်လောက်ကြာခဲ့သလဲ။

B: It only took a day. My friend and I did it together so it was easier.
တစ်ရက်ပဲ ကြာပါတယ်။ ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော် အတူလုပ်တော့ ပိုပြီးလွယ်တာပေါ့။


ကိုကေး နဲ့ မကောက်
သတင်းပေးတာပါ
သမီးလေး မိညိုကကောက်ရော
ရှင် မေမေ၊ ဘာချိုးမလို့လဲဟင်
ချိုးမလို့ မဟုတ်ပါဘူး သမီးမေမေကို မမြင်ပါလား ဘယ်သွားလဲကွဲ့
မေကြီးကို အနှိပ်ဆရာဝင်းမာက သူ့အိမ်လိုက်ခဲ့ဖို့ ခေါ်သွားတယ်လေ မေကြီးရဲ့
ဟုတ်ပါ့ကွဲ့ ငါကလည်း မေ့တတ်လိုက်တာ လွန်ပါရော၊ မေကြီးကိုလည်း ပြောသွားတယ်
ကဲ ဒါဆို မေကြီးလည်းဆေးခန်း သွားလိုက်ဦးမယ်
သမီးမေကြီး ပြန်လာရင် ပြောလိုက်နော်
ဟုတ်


ဘယ်မှ မသွားဘဲ ဒီမှာပဲ နေနေနော် သမီး၊ မေကြီး ပြန်လာမှ သွားကစား
စိတ်ချပြီး သွားပါ မေကြီးရဲ့
အတော်ကြာတော့—
ဟော မေကြီးတော့ ပြန်လာပြီ
သမီး မေကြီး မကြာသေးဘူးလား
ပြန်မကြာသေးဘူး မေကြီးရဲ့၊ ဒါနဲ့ မေကြီးက ဆေးခန်းသွားတာ ဘာဖြစ်လို့လဲ ဟင်
ညည အိပ်မပျော်လို့ သွားပြတာပါ သမီးရယ်၊ ဆရာဝန်က အိပ်ဆေးနဲ့ ဆေးသောက်အိပ်ဖို့ ဆေးပေးလိုက်တယ်
အခန်းထဲမှာ မေကြီး ခဏ သွားလှဲလိုက်ဦးမယ်၊ သမီး ဆော့နေနော်
ဟုတ်ကဲ့ပါ မေကြီးရဲ့
နာရီဝက်လောက်ကြာတော့
မေကြီး မေကြီး ခဏထပါဦး
ဟ
ဟဲ့ ဒီမှာ မေကြီး အိပ်ပျော်နေတာ မမြင်ဘူးလား
ကြားလိုက်တယ် မေကြီးကို ဆရာဝန်က ဆေးသောက်ပြီးမှ အိပ်ရမယ်လို့ မှာထားတယ်မဟုတ်လား
ဒါဒါ မေကြီး ဆေးသောက်ဖို့ သမီးက လာသတိပေးတာ
ဟင်း

# လွိုင်ကော်တစ်ခွင် လေ့လာစေချင်

ချမ်းမြေ့ခင်

ကလေးတို့ရေ ဒီတစ်ပတ်မှာတော့ ကလေးတို့ ဗဟုသုတတိုးပွားစေဖို့ရည်ရွယ်ပြီး ကယားပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ လွိုင်ကော်မြို့အကြောင်းကို ပြောပြချင်ပါတယ်။



ကလေးတို့ရေ လွိုင်ကော်မြို့ရဲ့ အစကနဦးအမည်ကတော့ "ဆီရီဒေါ" လို့ ခေါ်တယ်ကွဲ့။ ဆီရီဒေါဆိုတဲ့ အမည်တွင်လာတာကတော့ မြို့ကိုစတင်တည်ထောင်ခဲ့သူ ဦးသီရိရဲ့ အမည်ကိုအစွဲပြုပြီး ခေါ်တွင်ခဲ့တာလို့ မြန်မာ့စွယ်စုံကျမ်းကြီးထဲမှာ ဖော်ပြထားပါတယ်။ နောင်အခါမှာတော့ ဘီလူးချောင်းဘေးမှာ သီးခြားတည်ရှိနေတဲ့ ရွှေတောင်ကို အစွဲပြုပြီး "လွိုင်ခေါ်" လို့ အမည်တွင်ခဲ့ပြန်တယ်။ အခုနောက်ပိုင်းမှာတော့ "လွိုင်ခေါ်" ကနေ တဖြည်းဖြည်း "လွိုင်ကော်" ဆိုပြီး အမည်တွင်လာသတဲ့ကွယ်။

ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်မှာတော့ ကန္တာရဝတီစောဖျာစဝ်ခွန်လီဟာ စဝ်လုံမြို့ကနေ လွိုင်ကော်မြို့ကို ပြောင်းရွှေ့စိုးစံလာတဲ့အတွက် လွိုင်ကော်မြို့ဟာ ကန္တာရဝတီနယ်ရဲ့ မြို့တော်ဖြစ်လာခဲ့တယ်။ ပြီးတော့ မြို့ကိုလည်း တိုးချဲ့တည်ဆောက်ခဲ့တယ်။ ၁၉၄၈ ခုနှစ်မှာတော့ ကယားပြည်နယ်အစိုးရအနေနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့အချိန်မှာ လွိုင်ကော်မြို့ကို ကန္တာရဝတီ၊ ဘောလခဲနဲ့ ကြယ်ဖိုးကြီးနယ်တွေ စုပေါင်းပြီး ကယားပြည်နယ်ရဲ့ မြို့တော်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

လွိုင်ကော်မြို့ကို လေကြောင်းခရီးနဲ့ သွားနိုင်သလို ရထားလမ်းအနေနဲ့ အောင်ပန်း– ပင်လုံ– လွိုင်ကော် ခရီးစဉ်ကတစ်ဆင့် သွားနိုင်ပါတယ်။ ဒါ့အပြင် ကားလမ်းအနေနဲ့လည်း မြန်မာနိုင်ငံအနှံ့အပြားကနေ သွားရောက်နိုင်တာကြောင့် ကယားပြည်ရဲ့ စီးပွားရေးအချက်အချာကျတဲ့ မြို့ကြီးလည်း ဖြစ်ပါတယ်။ ကယားပြည်ရဲ့ ရုံးပေါင်းစုံစိုက်ရာ မြို့ကြီးလည်းဖြစ်ပါတယ်။ လွိုင်ကော်မြို့မှာ ဒေသနေပြည်သူများအားထားရာ အထွေထွေဆေးရုံကြီးတည်ရှိပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ အထောက်အပံ့နဲ့ ထပ်မံတိုးချဲ့လုပ်ဆောင်လျက်ရှိပါတယ်။ လွိုင်ကော်မြို့မှာ လူငယ်တွေ အသိပညာ၊ အတတ်ပညာများ တိုးပွားစေရေးအတွက် လွိုင်ကော်



တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တို့ကို ဖွင့်လှစ်ထားရှိပါတယ်။ သီရိတောင်တော်စေတီနဲ့ ရွှေတောင်စေတီတို့ဟာ လွိုင်ကော်မြို့ရဲ့ ကျက်သရေဆောင် စေတီများဖြစ်ပြီး အလွန်ထင်ရှားကြပါတယ်။ လွိုင်ကော်မြို့ရဲ့ တောင်ဘက်မှာတော့ အလွန်သာယာတင့်ဆန်းတဲ့ တောတောင်တွေနဲ့အတူ သဘာဝအလျောက် အထက်အောက် ညီညီညာညာ စီတန်းတည်ရှိနေတဲ့ ရေကန်ပေါင်း ၁၄ ကန် ရှိပါတယ်။ အဲဒီရေကန်တွေဟာ ငွေတောင်ပြည် ပြန်ခန်းဇာတ်လမ်းမှာပါရှိတဲ့ ဒွေးမယ်နော် မင်းသမီးလေးနဲ့ ကိန္နရီညီအစ်မခုနစ်ဖော်တို့ ပျော်ရွှင်မြူးထူးစွာ ကစားရာ ရေကန်တွေဖြစ်တယ်လို့ ဒေသခံပြည်သူတွေက ယုံကြည်ကြပါတယ်။ အရှေ့တောင်ဘက်မှာတော့ မထေးစု ရေတံခွန်စခန်းတည်ရှိပြီး အလွန်သာယာပါတယ်။ ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းကနေ ရေအားလျှပ်စစ်ဓာတ်အားတွေ ထုတ်လုပ်ပေးနေတဲ့ စက်ရုံကြီးကတော့ လောပိတတောင်ပေါ်စခန်းမြို့လေးမှာ တည်ရှိပါတယ်။




ကယားလူမျိုးတွေ အဓိကနေထိုင်တဲ့ တနီးလာလဲကျေးရွာဟာ လွိုင်ကော်မြို့ကနေ ၁၂ မိုင်ခန့်ကွာဝေးတာမို့ မိနစ် ၃၀ ခန့်ကြာ ကားနဲ့ သွားရာက်နိုင်ပါတယ်။ အိမ်ခြေ ၁၅၇ လုံးရှိပါတယ်။ကျေးရွာအဝင်လမ်းမှာ ရှံ့မီးတောင်ဟောင်းဖြစ်တဲ့ ထီးပွင့်ကန်ကို လေ့လာနိုင်ခြင်း၊ ကယားတိုင်းရင်းသားတို့ရဲ့ ရိုးရာတံခွန်တိုင်တွေ၊ နတ်စင်တွေ၊ ကြက်ရိုးထိုးခြင်း ဓလေ့တွေ၊ ရိုးရာတူရိယာတွေ၊ ရိုးရာတေးသီချင်းတွေနဲ့ တီးမှုတ်ဖျော်ဖြေမှုတွေကို ကြည့်ရှုခံစားနိုင်ခြင်း၊ နွားလှည်းစီးပြီး ကန်ခုနစ်ဆင့်ကို သွားရောက်နိုင်ခြင်း၊ ကယားရိုးရာအစားအသောက် စားသောက်နိုင်ခြင်း၊ ကန်အမှတ် ၆ မှာ သံရိုက်ချက် လုံးဝမပါဘဲ ဆောက်လုပ်ထားတဲ့ ကယားရိုးရာအိမ်နဲ့ ဖိုးဗျားခန်းမဆောင်ဟာ ဝါဂွမ်းကတစ်ဆင့် ချည်ငင်ပုံ၊ ချည်မှ ရက်ကန်းနဲ့ အထည်အလိပ် ရက်လုပ်ခြင်းစတဲ့ ကယားတိုင်းရင်းသားတို့ရဲ့ ဓလေ့ရိုးရာတွေကို လေ့လာနိုင်ပါတယ်။



ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေတဲ့ ပန်ပက်ကျေးရွာဟာ လွိုင်ကော်မြို့ကနေ ၁၈မိုင်ခန့်ကွာဝေးပြီး ကားနဲ့သွားရင် တစ်နာရီခွဲခန့်သာ ကြာမြင့်တာမို့ အချိန်တိုအတွင်း သွားရောက်ကာ သူတို့ရဲ့ နေ့စဉ်ဘဝရှင်သန်နေထိုင်မှုကို လေ့လာနိုင်ပါတယ်။ ပန်ပက်ကျေးရွာမှာ ဒေါကီး၊ ရမ်းခူ၊ ဆလုံးကနား၊ ပင်မဆောင်၊ ကသဲခူလို့ခေါ်တဲ့ ရွာငါးရွာစုစည်းတည်ရှိပြီး ကမာမှာတော့ တစ်ခုတည်းသာရှိတဲ့ ကြေးကွင်းပတ် ကယန်းတိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ အိမ်ခြေ ၁၉၆ လုံး ရှိပါတယ်။ ရိုးရာခေါင်ရည်ချက်လုပ်ခြင်း၊ သစ်၊ ဝါး၊ ကြေး၊ ဘော်တွေနဲ့ လက်မှုပြုလုပ်ခြင်း၊ ဝါဂွမ်းမှတစ်ဆင့် ချည်ထည်အဆင့်အထိ ပြုလုပ်တဲ့ ရက်ကန်းရက်လုပ်ခြင်း၊ ရိုးရာကိုးကွယ်မှုတွေဖြစ်တဲ့ တံခွန်တိုင်တွေ၊ နတ်စင်တွေ၊ ကြက်ရိုးထိုးခြင်း ဓလေ့တွေ၊ ရိုးရာတူရိယာတွေ၊ ရိုးရာတေးသီချင်းတွေနဲ့ တီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုခံစားနိုင်ခြင်း၊ ကယားရိုးရာအစားအစာတွေနဲ့ ဧည့်ခံကျွေးမွေးခြင်းတွေကို လေ့လာနိုင်တဲ့အတွက် ကလေးတို့လည်း ကယားပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ လွိုင်ကော်မြို့နဲ့ ပတ်ဝန်းကျင်အလှအပတွေကို ဖတ်ရှုရတဲ့အတွက် ဗဟုသုတ တိုးပွားကြလိမ့်မယ်လို့ ယုံကြည်ပါတယ်ကွယ်။



# English Grammar for Shwe thway

## ရွှေသွေးအင်္ဂလိပ်သဒ္ဒါ

**KML**

အခုတစ်ပတ်အတွက် တင်ဆက်ချင်တာကတော့ အင်္ဂလိပ်စကားလုံးတစ်လုံး ဖြစ်တဲ့ would ရဲ့ အဓိပ္ပာယ်၊ အသုံးအနှုန်းနဲ့ ဝါကျတည် ဆောက်ပုံဆိုင်ရာ သဒ္ဒါစည်းမျဉ်းတွေပဲ ဖြစ်ပါတယ်။

### Would

သဒ္ဒါသဘောအရပြောရင် would ဟာ will, can, could, shall, should, may, might စတဲ့ စကားလုံးတွေလို auxiliary verb(အကူကြိယာ) အတန်းအစားထဲမှာ ပါပါတယ်။ ဒါကြောင့်မို့ would ရဲ့ နောက်မှာ $V_1$ (finite verb) တစ်လုံးလုံးနဲ့ တွဲရေးရပါတယ်။ အသုံးအနှုန်းနဲ့ အဓိပ္ပာယ်ကတော့ မိမိပြောဆိုရေးသားလိုတဲ့ အခြေအနေပေါ် မူတည်ပြီး အမျိုးမျိုးဖြစ်နိုင်ပါတယ်။ ယေဘုယျပြောမယ်ဆိုရင် အတိတ်ကာလတုန်းက တစ်ခုခုလုပ်ဖို့ ရည်ရွယ်တာ၊ မျှော်လင့်တာ (past intentions/ expectations) ကို ပြောတဲ့အခါ၊ အခြေအနေတစ်ခု၊ အဖြစ်အပျက်တစ်ခုရဲ့ ဖြစ်နိုင်ခြေ (imagined situations) ကို ပြောတဲ့အခါ၊ အတိတ်ကာလက လုပ်လေ့လုပ်ထရှိတဲ့ အလေ့အကျင့် (past habits) ကို ပြောတဲ့အခါ၊ တစ်စုံတစ်ယောက်ကို တစ်ခုခု လုပ်ပေးဖို့ တောင်းဆိုမှု (requesting) ပြုတဲ့အခါ၊ မိမိက တစ်ခုခု လုပ်ပေးဖို့ ကမ်းလှမ်းမှု (offering/ inviting) ပြုတဲ့အခါ၊ ဒါမှမဟုတ် အကြံပေးမှု (advice) ပြုတဲ့အခါ စတဲ့အခြေအနေတွေမှာ would ကို သုံးတယ်။

They said they would meet us at 10:30 at the station.

ကျွန်တော်တို့ကို ဘူတာရုံမှာ ၁၀ နာရီခွဲကျရင် တွေ့မယ်လို့ သူတို့က ပြောခဲ့တယ်။

He said he wouldn't be coming to the library anymore.

သူ စာကြည့်တိုက်ကို နောက်ထပ် မလာတော့ဘူးလို့ ပြောခဲ့တယ်။

When we worked in the same office, we would often have coffee together.

ကျွန်တော်တို့ တစ်ရုံးတည်းမှာ အလုပ်လုပ်ခဲ့တုန်းက မကြာခဏဆိုသလို ကော်ဖီအတူတူ သောက်ကြတယ်။

Would you shut the window, please?

ကျေးဇူးပြုပြီး ပြတင်းပေါက် ပိတ်ပေးပါလား။

**Grammar patterns** (သဒ္ဒါစည်းမျဉ်းဆိုင်ရာ တည်ဆောက်ပုံ)

would ရဲ့ အဓိပ္ပာယ်၊ အသုံးအနှုန်းနဲ့ သဒ္ဒါစည်းမျဉ်းက ညွှန်ပြတဲ့ ဝါကျတည်ဆောက်ပုံတွေကို အောက်မှာ ဖော်ပြထားပါတယ်။ လေ့လာကြည့်ပါ။

❐ If + S + $V_2$ (past tense), S + **would** + $V_1$ (bare infinitive)

ဒီတည်ဆောက်ပုံရဲ့ အသုံးအနှုန်းကတော့ ပစ္စုပ္ပန် ဒါမှမဟုတ် အနာဂတ်ကာလမှာ ဖြစ်နိုင်ခြေကို တွက်ဆပြီး မိမိရဲ့ အယူအဆကို စိတ်ကူးနဲ့ မှန်းဆပြီးပြောတဲ့အခါ ရေးသားရတဲ့ပုံစံဖြစ်ပါတယ်။ တကယ်တော့ အဲဒီအကြောင်းအရာတွေဟာ မဖြစ်ခဲ့၊ မရှိခဲ့၊ မလုပ်ခဲ့ရတာတွေ ဖြစ်ပါတယ်။

If Dad was still alive, he **would** be proud of you.

အဖေသာ အခုအထိ သက်ရှိထင်ရှားရှိရင် မင်းကို ဂုဏ်ယူမှာ။ (အခုအဖေမရှိတော့ အဲဒီလို ဂုဏ်မယူရတော့ဘူးလို့ ပြောတာ)

❐ if + S + had + $V_3$, S + **would** + have + $V_3$

ဒီတည်ဆောက်ပုံမှာတော့ if ရဲ့ နောက်မှာ subject နဲ့ past perfect tense (had + $V_3$) တွဲရေးထားတဲ့ ဝါကျလိုက်ပြီး နောက်ဘက်မှာတော့ subject နဲ့ would have + $V_3$ တွဲရေးတဲ့ ဝါကျလိုက်ပါတယ်။ ဒီအသုံးအနှုန်းကတော့ အတိတ်ကာလမှာ မရှိခဲ့တာ၊ မဖြစ်ခဲ့တာ၊ မလုပ်ခဲ့တာတွေကို အကယ်၍ ရှိခဲ့၊ ဖြစ်ခဲ့၊ လုပ်ခဲ့ရရင် ကောင်းမှာပဲလို့ မိမိရဲ့ အယူအဆကို ပြောဆိုရေးသားတဲ့အခါ သုံးရတာပဲ ဖြစ်ပါတယ်။

If I had known, I **would** have given you a lift.

အဲဒီတုန်းကသာ ငါ သိခဲ့ရင် မင်းကိုကားနဲ့ လိုက်ပို့မှာပေါ့။(အဲဒီတုန်းက မသိလိုက်လို့ လိုက်မပို့ဖြစ်ခဲ့ဘူးလို့ ပြောတာ)

We **would** not have been late if we had taken a taxi.

အဲဒီတုန်းကသာ အငှားယာဉ်စီးခဲ့ရင် ငါတို့ နောက်ကျမှာ မဟုတ်ဘူး။ (မစီးခဲ့ရလို့ နောက်ကျခဲ့တယ်လို့ ပြောတာ)

❐ I + **would** + $V_1$ + if I were you

ဒီတည်ဆောက်ပုံကတော့ မိမိက တစ်စုံတစ်ယောက်ကို အကြံပေးတဲ့သဘောနဲ့ ပြောဆိုတဲ့ အသုံးအနှုန်းပဲ ဖြစ်ပါတယ်။ သူ့နေရာမှာ မိမိသာဆိုရင် ဘာလုပ်မယ်ဆိုတာကို ပြောတဲ့အခါ ရေးသားလေ့ရှိတဲ့ တည်ဆောက်ပုံဖြစ်ပါတယ်။ if I were you ကို ပုံသေရေးသားရမှာ ဖြစ်ပါတယ်။ ကျန်ဝါကျမှာတော့ I နဲ့ would + $V_1$ တွဲပြီး ရေးရပါတယ်။

I **would** accept the offer, if I were you.

ငါသာ မင်းနေရာမှာဆိုရင် ကမ်းလှမ်းမှုကို လက်ခံမှာ။

If I were you, I **would** ask for my money back.

ငါသာ မင်းနေရာမှာဆိုရင် ငါ့ငွေကို ပြန်တောင်းမှာ။

❐ **Collocations**

ဒါကတော့ would နဲ့ အတွဲများတဲ့ စကားလုံးတွဲတွေ ဖြစ်ပါတယ်။ ဘယ်စကားလုံးတွေဟာ would နဲ့ မကြာခဏ တွဲရေးလေ့ရှိတယ်ဆိုတာကို ပြဆိုတာပါ။ အဲဒါတွေကို လေ့လာကျက်မှတ်ထားသင့်ပါတယ်။

(1) never နဲ့ probably လို adverb (ကြိယာဝိသေသန) တွေဟာ would နဲ့ မကြာခဏ တွဲရေးလေ့ရှိပါတယ်။

You **would probably** be more comfortable sleeping on the sofa.

ဆိုဖာပေါ်မှာ အိပ်မယ်ဆိုရင် မင်း အိပ်ရတာ ပိုပြီး သက်သောင့်သက်သာ ရှိမှာပါ။

I **would never** do a thing like that!

အဲဒီလိုဟာမျိုးကို ငါ ဘယ်တော့မှ မလုပ်ဘူး။

(2) I နဲ့ wish တွဲရေးထားတဲ့ I wish ရဲ့နောက်မှာ S + would + $V_1$ နဲ့ ရေးထားတဲ့ဝါကျ လိုက်ရေးလေ့ရှိပါတယ်။ တစ်ခုခုကို ဖြစ်စေချင်တဲ့သဘော၊ ရှိစေချင်တဲ့သဘော၊ လုပ်စေချင်တဲ့သဘောကို ပြောတဲ့အခါ ရေးတာပဲ ဖြစ်ပါတယ်။

I **wish** Zaw Zaw **would** hurry up.

ကျွန်တော် ဇော်ဇော့်ကို မြန်မြန်လုပ်စေချင်တယ် (ဇော်ဇော်မြန်မြန်လုပ်ရင်ကောင်းမှာပဲ)။

I **wish** they **would** come early.

ကျွန်တော် သူတို့ကို စောစောလာစေချင်တယ် (သူတို့စောစောလာရင်ကောင်းမှာပဲ)။

(3) အတိတ်ကာလမှာ လုပ်လေ့လုပ်ထရှိတဲ့ အမူအကျင့်၊ အလေ့အကျင့်ကို ပြောတဲ့အခါ would ကို အချိန်ပြပုဒ်တွေနဲ့ တွဲရေးလေ့ရှိပါတယ်။ အဲဒီအချိန်ပြပုဒ်တွေကတော့ sometimes, often, always, in those days နဲ့ when I was young စတာတွေပဲ ဖြစ်ပါတယ်။

**In those days** we **would often** play football in the street.

အရင်တုန်းက ကျွန်တော်တို့လမ်းထဲမှာ မကြာခဏ ဘောလုံးကစားလေ့ရှိတယ်။

(4) would ကို rather သို့မဟုတ် sooner နဲ့ တွဲရေးလေ့ရှိပါတယ်။ အဲဒီအခါမှာ would prefer to ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ တစ်ခုခုကို လုပ်ဖို့ ပိုကြိုက်တယ်၊ ပိုနှစ်သက်တယ်လို့ ဆိုလိုတာပါ။

I **would rather** watch the football.

ငါကတော့ ဘောလုံးပွဲကြည့်ရတာကို ပိုကြိုက်တယ်။

(5) would ရဲ့နောက်မှာ အတွဲများတဲ့ ကြိုက်ခြင်း၊ မကြိုက်ခြင်းကို ဆိုလိုတဲ့ verb (ကြိယာ) တွေကတော့ like, prefer, love, hate စတာတွေပဲ ဖြစ်ပါတယ်။

I **would hate** to be outside in this weather.

ဒီလိုရာသီဥတုမျိုးမှာ အပြင်မှာ နေရမှာကို ငါမကြိုက်ဘူး။

Exercise

ကွင်းအတွင်းရှိ စကားလုံးများကို ဝါကျများတွင် မှန်ကန်သော နေရာများ၌ ထည့်ပါ။

1. (if) Would you leave home you could afford to?
2. (had) If I my own car, he thought, I would leave.
3. (would) If you wanted to, you be a good tennis player.
4. (have) If I had known you were coming, I would prepared your room.
5. (be) He promised me he would home in time for dinner.
6. (mind) Would you turning the TV down? I'm trying to study.
7. (were) I would wear a tie if I you.
8. (often) When I was young we would go swimming in the canal near our house.
9. (rather) Would you have tea or coffee?


ဘယ်ကျော်
သူရ
BE GYAW
Thu Ra
ဘယ်ကျော်...
ဟာ...
မိမွှေး...
ရော့...
နှင့်အတွက်လက်ဆောင်...
ဟယ်...
ပန်းကလေးက
လှလိုက်တာဟယ်...
ကျေးဇူးတင်
ပါတယ်၊ ဘယ်ကျော်ရယ်...
ငါ့ကို
ကျေးဇူးတင်စရာ
မလိုပါဘူးဟာ ...
နင်ကျေးဇူးတင်
ရမှာက လမ်းထိပ်ခြံက
ကြီးကြီးနီကိုဟ...
ငါက သူစိုက်ထားတဲ့ ပန်းကို
ခူးလာခဲ့တာ ... ဟီး...ဟီး...ဟီး...
ပြီး



# ကောက်ရိတ်ချိန်

- မြောက်လေပြန်မြူး ဟေမာန်ကူး
  ဆောင်းလရာသီဦး။
- ရွှေရည်လူးတဲ့ ကောက်နံ့တွေ
  ဝင်းမှည့်ကိုင်းညွတ်နေ။
- ရိတ်သိမ်းခြွေတဲ့ လုံမေများ
  ပါးမှာ သနပ်ခါး။
- ကောက်လှိုင်းများကို လှည်းနဲ့သယ်
  စပါးတလင်းနယ်။
- ကောက်ရိုးပယ်ကာ စပါးလှေ့
  ကျေးလက်ရွာဓလေ့
- စိတ်ပျော်မွေ့လို့ မြူးကခုန်
  စပါးတောင်လိုပုံ
- မွေးထုံသဒ္ဒါ ပိုလို့ကဲ
  ကျေးလက်ရှင်ပြုပွဲ
  ပျော်သံညံမစဲ။ ။

မောင်ထည်ဝါ (ပျော်ဘွယ်)




R.517

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ စာတည်းမှူးချုပ်က ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့်
ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၀၉၆၁) ဖြင့် ထုတ်ဝေသည်။